MINISTRY OF MANPOWER

မတ္လ၂၆ ရက္၂၀၂၀

**အိမ်အကူများfdw တို့သည်အုပ်စုဖွဲ့၍စုရုံးခြင်း မပြုဘဲလူစုခွဲနေကြရန်ထပ်တိုးထားသောစီမံချက်။**

အလုပ်ရှင်များခင်ဗျား၊

မတ်လ၂၁ရက်၂၀၂၀ နေ့တွင် အလုပ်သမားဝန်ကြီးဌာန၊ Ministry of Manpower၊ အိမ်အကူများစင်တာCenter for Domestic Employee နှင့်၊နိုင်ငံခြားအိမ်အကူများလူမှုရေးနှင့်သင်တန်းပေးရေးဌာန FASTတို့ ကပူးပေါင်း၍အိမ်အကူများအား၊ရောဂါမကူးရေးအတွက်အနီးကပ်ဆက်ဆံမှုကိုရှောင်ရှားကြပါရန် ကြေငြာချက်ကိုထုတ်ပြန်ခဲ့ပါသည်။

2. မတ်လ၂၄ ရက် ၂၀၂၀ ရက်နေ့တွင် Covid-19 ရောဂါကူးစက်မှုမှကာကွယ်တားဆီးရန်၊ဝန်ကြီးဌာနများက ပူးပေါင်း၍ပိုမိုတင်းကြပ်သောကြေငြာချက်ကိုထပ်မံထုတ်ပြန်လိုက်ပါသည်။

3. အိမ်အကူ fdw များသည် အလုပ်ရှင်တို့၏မိသားစုများ နှင့်အတူတစ်အိမ်တည်းနေကြရပြီး၊ အလုပ်ရှင်တို့၏သက် ကြီးရွယ်အိုမိဘများ နှင့် ကလေးသူငယ်မျာ အားကြည့်ရှု စောင့်ရှောက်ကြရသောကြောင့်MOM က fdw တို့အားပိုမိုတင်းကြပ်သောလုပ်ဆောင်ချက်တို့ကို လိုက်နာစေပြီး၊အလုပ်ရှင်တို့အားရောဂါအန္တရာယ်ကိုကာကွယ်ပေးပါမည်။

**Fdw တို့နားရက်အတွက်အကြံပေးချက်။**

4. တင်းကြပ်သောစည်းမျဥ်းများနိုင်ငံအဝှမ်းထုတ်ပြန်ထားသောကြောင့်fdw တို့သည်ယခုလိုအချိန်၌၊နားရက်တွင်အပြင်မထွက်ဘဲအိမ်တွင်နေကြပါရန်၊ Fdw သည်အိမ်အပြင်တွင် ဆောင်ရွက်ရန်အရေးတကြီးအကြောင်းရှိပါက၊ နားရက်တွင်အပြင်ထွက် ဆောင်ရွက်ပြီးမြန်မြန်ပြန်လာပါ။ တစ်ကိုယ်ရည်ရှန့်ရှင်းရေးကို ဂရုစိုက်ပြီး၊လူချင်း လက်ဆွဲနှုတ်ဆက်ခြင်း၊အစားအသောက်ကိုအတူမျှစားခြင်း၊စသည့်အနီးကပ်ဆက်ဆံမှုကိုရှောင်ကြပါရန်တိုက်တွန်းပါသည်။

5. Fdw တို့သည်နောက်ဆုံးထုတ်ပြန်ထားသော ကြေငြာ ချက်အရအဆောက်အဦးများအတွင်းရှိသောအခါ လူဦးရေမည်မျှသာစုရုံးရမည်ကိုသိရမည်။လူထူထပ်သောLucky Plaza City Plaza Peninsula. Plaza စသောအ ဆောက်အဦးများကိုမသွားပါနှင့်။

6. ကာကွယ်မှုကိုတိုးမြှင့်ရန် အပြင်ဖက်တွင်အုပ်စုကြီးများမဖွဲ့ ဘဲလူစုခွဲကြပါရန်MOM ကလိုက်ပြောလိမ့်မည်။မလိုက်နာသော fdwတို့ကို ဝပ်ပါမစ်ရုပ်သိမ်းလိမ့်မည်။

7. အလုပ်ရှင်များကလည်းfdwအားအထက်ပါအကြံပေး ချက်များကိုသိစေပြီးအပြင်ထွက်သောအခါ၊မည်သည့်နေရာသွားမည်ဟုမေးပြီး ကိစ္စပြီးပါကမြန်မြန်ပြန်လာရန်ပြောပါ။

**နားရက်အတွက်အစီအစဉ်။**

8. အလုပ်ရှင်များကအောက်ပါတို့ကိုသိမြင်ရမည်။

- fdw ကနားရက်တွင်အပြင်မထွက်ဘဲအိမ်တွင်နေရန်သဘောတူပါက၊အလုပ်ရှင်သည် ၎င်း၏fdwအားအိမ်အလုပ်ကိုမလုပ်ခိုင်းရပါ။
- အကယ်၍ fdw က၎င်း၏နါးရက်တွင်အလုပ် လုပ်ပေးဖို့အလုပ်ရှင်နှင့်နှစ်ဦးသဘောတူပါက၊အလုပ်ရှင်သည်မိမိ ၏ fdwအားနေ့တွက်လျော်ကြေးပေးရမည်။

9. အလုပ်ရှင်များနှင့် fdw တို့အားကျွန်ုပ်တို့နှင့်ပူးပေါင်း
ဆောင်ရွက်ကြပြီး Covid-19 ရောဂါဆိုးပြန့်နှံမှုကိုလျော့ချတားဆီးနိုင်ရန်ကြိုးစားကြပါရန်တိုက်တွန်းပါသည်။

10. www.moh.gov.sg ဝက်ဗ်ဆိုဒ်ကိုဝင်ပြီးနောက်ဆုံးသတင်းများကိုဖတ်ရှုနိုင်သည်။